လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter | **သတင်းလွှာ** | August 2025

# (၁၂) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ($12^{th}$ ASEAN Ministerial Meeting on Social Welfare and Development (AMMSWD)and Related Meetings) ကျင်းပခြင်း



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်** **နေပြည်တော်**

(၁၂) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ($12^{th}$ ASEAN Ministerial Meeting on Social Welfare and Development-AMMSWD and Related Meetings) အား Video Conference စနစ်ဖြင့် ဩဂုတ်လ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့ အထိ နေပြည်တော်၊ M-Gallery Hotel ၌ ကျင်းပ ပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးများအား "အာဆီယံ အသိုက်အဝန်းအတွင်း ထိခိုက်လွယ်အုပ်စုများ အတွက် လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ တိုးတက်အားကောင်းစေရေး" (Enhancing Responsive Social Protection for Vulnerable Groups in the ASEAN Community) ခေါင်းစဉ်ဖြင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် စတင်ကျင်းပရာ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး အလှည့်ကျ ဥက္ကဋ္ဌဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ (၂၀) ကြိမ်မြောက် အာဆီယံ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖိုရမ်($20^{th}$ ASEAN GO-NGO Forum) ကို ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အတွင်းရေးမှူးချုပ် ဦးစံလွင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားခဲ့ပြီး အာဆီယံနိုင်ငံများရှိ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရဌာနဆိုင်ရာများ၊

လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Online ဖြင့်လည်းကောင်း၊ အိမ်ရှင်မြန်မာနိုင်ငံရှိ အစိုးရဌာနဆိုင်ရာများ၊ နိုင်ငံတကာနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လူကိုယ်တိုင်တက်ရောက် စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ Forum တွင် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား အာဆီယံဒေသတွင်း နိုင်ငံအသီးသီးနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ Speaker များက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ပြီး အကြံပြုချက်များအားဖော်ထုတ်၍ ဖိုရမ်အား ရုပ်သိမ်းခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လှိုင်းဘွဲ့မြို့နှင့်ဘားအံမြို့ရှိ ယာယီရေဘေးရှောင်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေများပေးအပ်ချီးမြှင့်



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်** **ကရင်ပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဩဂုတ်လ ၁ ရက်နေ့တွင် လှိုင်းဘွဲ့မြို့နှင့် ဘားအံမြို့ပေါ်ရှိ ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများရှိ အိမ်ထောင်စုများအား ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး၊ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ်၊ ကမော့ကချူးကျေးရွာရှိ Cyclone Shelter တွင်ဖွင့်လှစ်ထားသော ယာယီရေဘေး ကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူများအားလည်းကောင်း၊ အောင်ဆန်းခန်းမ ယာယီရေဘေး ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်အိမ်ထောင်စုများအားလည်းကောင်း၊ နယ်မြေခံတပ်နယ်ခန်းမရှိ ရေဘေးသင့်မိသားစုဝင် များအားလည်းကောင်း ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ လှိုင်းဘွဲ့မြို့ (ဃ)ရပ်ကွက် အနိမ့်ပိုင်းနေရာများတွင် လူနေအိမ်များအတွင်း ရေများဝင်ရောက်နေမှု၊

သက်ဆိုင်ရာ တာဝန်ရှိသူများက ဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ယာယီပြောင်းရွှေ့နေရာ ချထားပေးမှုများကို စက်တပ်လှေငယ်များဖြင့်လှည့်လည် ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့၊ လှာကမြင်ကွက်သစ်၊အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအားလည်းကောင်း၊ ဘားအံမြို့၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ယာယီရေဘေး ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား လည်းကောင်းသွားရောက် တွေ့ဆုံအားပေးပြီး ဆန်ရိက္ခာ ဖိုးငွေနှင့်စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ချီးမြှင့် ခဲ့ပါသည်။ ဆက်လက်၍ ဘားအံမြို့၏ အနိမ့်ပိုင်းနေရာများဖြစ်သော အမှတ်(၅)ရပ်ကွက်၊ အောင်နန်း၊ အမှတ်(၁) ရပ်ကွက်၊ အုပ်ဖို၊ အမှတ်(၂)ရပ်ကွက် ဆယ်အိမ်စုတို့တွင် ရေများဝင်ရောက်၍ ရေကြီးရေလျှံ ဖြစ်ပွားမှု၊ လူနေအိမ်များအတွင်း ရေဝင်ရောက်မှု၊ ၎င်းတို့၏ နေအိမ်များအား စွန့်ခွာ၍ ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများတွင် သွားရောက်နေထိုင်မှုများကို စက်တပ်လှေငယ်များဖြင့် လိုက်လံ ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ပါသည်။

## မွန်ပြည်နယ်အတွင်း လေဘေးသင့်ပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာသူများအား အလှူငွေနှင့် ပစ္စည်းများပေးအပ်



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်** **မွန်ပြည်နယ်**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများသည် ဩဂုတ်လ ၃ ရက်နေ့တွင် ပေါင်မြို့နယ်ကဒုံစီးတိုက်ကျောင်း ပညာဓိကဗိမာန်၌ ကျင်းပသည့် ပေါင်မြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား အလှူငွေပေးအပ်ခြင်းနှင့် ပစ္စည်းများထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနား၌ ပေါင်မြို့နယ် လေဘေးသင့်ပြည်သူများအတွက် ကျိုက်ထီးဆောင်း ဆရာတော်ကြီး လှူဒါန်းသော လှူဒါန်းပစ္စည်း တန်ဖိုးငွေကျပ် ၉၅၉၃၄၀၀၀ နှင့် သိန်း ၃၀၀ စုစုပေါင်း လှူဒါန်းငွေကျပ် ၁၂၅၉၃၄၀၀၀ ကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဦးလှထွန်း (ကိုလှထွန်း ရေတ်သီးမှုန့်လုပ်ငန်းမိသားစု) က လှူဒါန်းငွေကျပ်သိန်း ၅၀၀ နှင့် ဦးတင်လှိုင် (ကျော်ကြားအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမိသားစု) က လှူဒါန်းငွေကျပ် ၂၄၆သိန်းကိုပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း လက်ခံရယူခဲ့ပါသည်။ ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

က လှူဒါန်းပစ္စည်းများနှင့် လုံးဝပျက်စီးနေအိမ် ၁၂၅ လုံးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၆၂ ဒသမ ၅ သန်းနှင့် တစ်စိတ်တစ်ပိုင်းပျက်စီး နေအိမ် ၁၆၀ အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၄၈ သန်းကို ပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပေါင်မြို့ပေါ်ရပ်ကွက်များ အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သာသနိကအဆောက်အအုံအချို့နှင့် လူနေအိမ်အချို့ ထိခိုက် ပျက်စီးခဲ့မှုများကို လှည့်လည်ကြည့်ရှုပြီး ပြုပြင်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ခန်းမ၌ကျင်းပသည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် မွန်ပြည်နယ်အတွင်း ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေ ပေးအပ်ပွဲသို့ တက်ရောက်ခဲ့ပြီး ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၄၃၀၂ စု၊ လူဦးရေ ၁၉၈၂၁ ဦးအတွက် တစ်ဦးလျှင် တစ်လ နှစ်သောင်းကျပ်နှုန်းဖြင့် သုံးလစာ ထောက်ပံ့ငွေကျပ် ၁၁၈၉ ဒသမ ၂၆၀ သန်းကို ပေးအပ်ကာ မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနရုံး သိုလှောင်ရုံရှိ ကယ်ဆယ်ရေး ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ၊ အလှူပစ္စည်း များ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး ခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း Container House များသို့ သွားရောက်ကြည့်ရှုစစ်ဆေး**



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ်လ ၆ ရက်နေ့တွင် ရုံးအမှတ် (၂၃) ဝန်း အတွင်းရှိ

ထိန်းသိမ်းမြေဧရိယာတွင် မန္တလေးငလျင်ကြောင့် အိမ်ရာများထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းများ ယာယီနေထိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် Container House များတွင် နေထိုင်သည့် ဝန်ထမ်းများအားတွေ့ဆုံအားပေး စကားပြောကြားပြီး Container House များတွင် နေထိုင်ရာ၌ ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စနစ်တကျနေထိုင်သွားရန်၊ ယာယီနေထိုင်စဉ်ကာလအတွင်း မိမိပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်နေထိုင်ရန်နှင့် မိသားစုများအချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်ကြရန် မှာကြားခဲ့ပါသည်။ ထို့နောက် ဝန်ထမ်းအိမ်ထောင်စု (၁၂၃)စု အတွက် တစ်အိမ်ထောင်လျှင် (၁) သိန်းကျပ်နှုန်းနှင့် ဆိုလာမီးအိမ် (၁) လုံးစီအား ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်မှုအခြေအနေ၊ ရေအိမ်၊ ရေချိုးခန်းများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးများ သွယ်တန်းထားရှိမှု၊ စားဖိုဆောင်များ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ဝန်ထမ်းများ ယာယီနေထိုင်ရန် Container House နှစ်ခန်းတွဲ (၁၆)လုံး၊ တစ်ခန်းတွဲ (၁၀၇) လုံး စုစုပေါင်း (၁၂၃) လုံး တည်ဆောက်ပေးထားပြီး ဝန်ထမ်းမိသားစုများ စနစ်တကျနှင့် ဘေးအန္တရာယ်ကင်းစွာနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Yasumasa Kimura အား လက်ခံတွေ့ဆုံ



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Yasumasa Kimura အား ဩဂုတ်လ ၇ ရက် နေ့တွင် အဆိုပါဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့အကြား လူမှုရေးမူဝါဒ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး (ရှေးဦးကာလလေ့လာသင်ယူမှု) လုပ်ငန်းအစီအစဉ် (Work

Plan) များ လက်မှတ်ရေးထိုး၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ၊ ဝန်ကြီးဌာနနှင့် UNICEF တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် UNICEF ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကလောမြို့နယ်နှင့် ညောင်ရွှေမြို့နယ်ရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုများကြည့်ရှုစစ်ဆေး



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်** **ရှမ်းပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဩဂုတ်လ ၁၃ ရက်နေ့တွင် ကလောမြို့သို့ရောက်ရှိကာ ကလောချောင်း မြေထိန်းနံရံ လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ လူကူကြိုးတံတား ဆောက်လုပ်မည့်နေရာနှင့် ကလောဘူတာရုံ ပြုပြင်ဆောင်ရွက်နေမှု၊ ကလောချောင်းတလျှောက် သဲနုန်းတူးဖော်နေမှုအခြေအနေများကို ကြည့်ရှုကာ ကလောမြို့ သန့်ရှင်းသာယာလှပရေး၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများကို မပြတ်ဆောင်ရွက်ရန်နှင့် မြို့နေပြည်သူလူထုများက အစဉ်တစိုက် ပူးပေါင်းပါဝင်လုပ်ဆောင်ရေး စည်းရုံးဆောင်ရွက်ကြရန်မှာကြားပြီး အောင်ပန်းမြို့ အ.မ.က(၈) တွင် AHA Center ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် အာဆီယံက လှူဒါန်းထားသော Prefabricated ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးပါသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ညောင်ရွှေမြို့နယ် အ.ထ.က ခွဲ (ကေလာ) တွင် ယာယီကျောင်းဆောင် ဆောက်လုပ်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရံပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ခဲ့သည့်အင်းလေးဖောင်တော်ဦးဘုရား ပြန်လည်ပြုပြင် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဘုရားကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်တို့ မူလတန်းကြိုကျောင်းမြေနေရာနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေး



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်** **ရှမ်းပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တာဝန်ရှိသူများနှင့်အတူ ဩဂုတ်လ ၁၅ ရက်နေ့တွင် တောင်ကြီးမြို့၊ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း ဆောက်လုပ်မည့် မြေနေရာအားသွားရောက်ကြည့်ရှုစစ်ဆေးပြီး မူကြိုအရွယ်ကလေးငယ်များ မူကြိုပညာရေး လွှမ်းခြုံနိုင်မှုရာခိုင်နှုန်း တိုးမြှင့်ပေးရန်မူလတန်းကြိုကျောင်းသစ်တစ်ကျောင်း ထပ်မံတည်ဆောက်ဖွင့်လှစ် သင်ကြားပေးနိုင်ရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် တောင်ကြီးမြို့နယ်ရှိ အေးသာယာမြို့သို့ သွားရောက်ကာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံသို့ သွားရောက်ပြီး ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေ၊ ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက် နေမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများဖြစ်သည့် ဇာတ်တိုက် လေ့ကျင့်မှုများ၊ အသိပညာပေးဟောပြောပွဲများ၊ သင်တန်းများပြုလုပ်ဆောင်ရွက်မှုအခြေအနေ၊ လက်ရှိသဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုနှင့်ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ရန်မြေနေရာနှင့် သိုလှောင်ရုံလိုအပ်မှုအခြေအနေများကို မေးမြန်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွှေညောင်မြို့သို့ ဆက်လက်သွားရောက်ကာ ရွှေညောင်မြို့၊ အမက-ရေပူကချင်ကျောင်းတွင် အာဆီယံက လှူဒါန်းသော အလျားပေ ၆၀၊ အနံ ပေ ၃၀ ရှိ Prefabricated ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ ဆရာမများကို တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပါသည်။

# မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းအစီအစဉ်ကျင်းပ



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်** **နေပြည်တော်**

မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက် ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းအစီအစဉ်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်၊ ဦးအောင်လွင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုး၊ နေပြည်တော်ကောင်စီ၊ ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ မသန်စွမ်းသူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၆၉(က)အရ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ဖြစ်စေ သက်ဆိုင်ရာဥပဒေများနှင့် ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်၊တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက် တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားမှုနှင့် လိုက်လျော ညီထွေစွာ မသန်စွမ်းသူများလည်း အခြေခံဥပဒေအခွင့် အရေး ရရှိခံစားနိုင်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသောမသန်စွမ်း သူတိုင်းသည် လွှတ်တော် တစ်ရပ်ရပ်အတွက် လျှို့ဝှက် ဆန္ဒမဲပေးပိုင်ခွင့်ရှိကြောင်းနှင့် လွှတ်တော်တစ်ရပ်ရပ် တွင် ရွေးချယ်ခံ ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်မသန်စွမ်း သူများ အထူးသဖြင့်အမြင်အာရုံမသန်စွမ်းသူများလျှို့ဝှက် ဆန္ဒမဲပေးနိုင်ရေးအတွက် မျက်မမြင် လက်စမ်းစာ (Braille) ကိုအခြေခံသည့် မြန်မာအီလက်ထရောနစ် မဲပေးစက်ကို တီထွင်ပြုလုပ် ပေးမှုသည် အားလုံးပါဝင် ဆောင်ရွက်နိုင်သည့် ရွေးကောက်ပွဲဖြစ်စေရန် ကြိုးစား ပေးရာရောက်ပါကြောင်း၊ မျက်မမြင်လက်စမ်းစာ (Braille) မတတ်ကျွမ်းသည့် အမြင်အာရုံမသန်စွမ်း သူများ အပါအဝင်၊ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အကြားအာရုံ မသန်စွမ်းသူများအနေဖြင့် ကိုယ်တိုင် သို့မဟုတ် လိုအပ်ပါက မသန်စွမ်းသူကိုယ်တိုင် ရွေးချယ်သည့်

အကူလူပုဂ္ဂိုလ်ဖြင့်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက် ထားရှိပါကြောင်း၊ အားလုံးအကျုံးဝင်ပါဝင်နိုင်သည့် လူ့အဖွဲ့အစည်း (All Inclusive Society) ဖြစ်စေရေး အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှုကို နိုင်ငံတကာသို့လည်း ပြသနိုင်မည်ဖြစ်သည့် အတွက် မသန်စွမ်းသူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် မကြာမီ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသည့် မသန်စွမ်းသူများအားလုံး တက်တက်ကြွကြွ ပါဝင်ဆန္ဒမဲပေးရန်နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်အပါအဝင် တက်ရောက်လာသော မသန်စွမ်းကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ပံ့ပိုးပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ရှိသူတစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ Powerpoint ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး မသန်စွမ်းသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်များ ဆောင်ရွက်ခဲ့ကြပါသည်။

## အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းစီမံချက်ဆိုင်ရာ နိုင်ငံအဆင့်အကြံပြုဆွေးနွေးပွဲကျင်းပ




**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်** **နေပြည်တော်**

အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းစီမံချက်ဆိုင်ရာ နိုင်ငံအဆင့်အကြံပြု ဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက လူကိုယ်တိုင်တက်ရောက်ပြီးအာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များက Online ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) အကောင်အထည်ဖော်မှု သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လုပ်ငန်း အကောင်အထည် ဖော်ဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းကာလပြီးမြောက်မှု သုံးသပ်ခြင်း (End-Term Review) ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့်အစီရင်ခံစာ တင်သွင်းနိုင်ရန်၊ ရှေ့ (၁၀) နှစ်တာ ကာလ(၂၀၂၆-၂၀၃၅) အတွက်ထိရောက်သည့်လုပ်ငန်းအစီအစဉ်များထည့်သွင်းရေးဆွဲနိုင်ရန်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလျှော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်က ချမှတ်

ထားသည့် မူဝါဒများနှင့်အညီ လက်ရှိဆောင်ရွက် ထားရှိမှုများ၊ အသစ်ထပ်မံပေါ်ပေါက်လာသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံများ၊တွေ့ကြုံရသည့်အခက်အခဲများနှင့် ဦးစားပေးလုပ်ငန်းများကို ဆွေးနွေးနိုင်ရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘေဂျင်းလုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ် (၂) ရပ် ဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) ကို ရေးဆွဲအကောင် အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာလုပ်ငန်းကော်မတီဝင်များက NSPAW ပါ စီမံကိန်းလုပ်ငန်းများကို နိုင်ငံတကာနှင့် အာဆီယံဒေတွင်းကတိကဝတ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီမံကိန်းကာလပြီးမြောက်မှု သုံးသပ်ခြင်း (End-Term Review) ၏ ပထမလုပ်ငန်းစဉ်ဖြစ်သည့် National Self-Assessment Survey ကို သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများမှ အချက်အလက်များ ကောက်ယူစုစည်းပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ၂၀၂၅ ခုနှစ် ဇူလိုင်လ (၂၄) ရက်နေ့တွင် ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ဒုတိယလုပ်ငန်းစဉ်ဖြစ်သည့် ယနေ့ကျင်းပပြုလုပ်သည့် နိုင်ငံအဆင့်အကြံပြု ဆွေးနွေးပွဲတွင် အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းစီမံချက်ပါ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို အကဲဖြတ်သုံးသပ်ပြီး ရှေ့ (၁၀) နှစ်တာကာလအတွက် ထိရောက်သည့် လုပ်ငန်းအစီအစဉ်များပါဝင်သည့် အစီရင်ခံစာကို တင်သွင်းသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်၊ ဦးစံလွင်၏ Pre-recorded video ကို ဖွင့်လှစ်ပြသခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာစန်းစန်းအေးက နိုင်ငံအဆင့်အကြံပြုဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် မျှော်မှန်းရလဒ်များကို တင်ပြဆွေးနွေးခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များက အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးခြင်း၊ ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးများကတင်ပြဆွေးနွေးခြင်း၊တက်ရောက်လာသူများနှင့် Group Work ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

**မန္တလေးငလျင် ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း**




**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်** **နေပြည်တော်**

မန္တလေးလျောင်ဘေးသင့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဩဂုတ်လ ၂၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ ချမ်းသာကြီးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသနှင့် တပည့်ရဟန်း၊ သာမဏေ၊ ဒါယကာ၊ ဒါယိကာမတို့က ငွေကျပ်သိန်း(၁၀၀)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမတွင်လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင် စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား လက်ခံတွေ့ဆုံ**



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် ဖြစ်သူ Mr. Jaime Nadal Roig အား ဩဂုတ်လ ၂၅ ရက်နေ့တွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် UNFPA တို့အကြား လက်မှတ်ရေးထိုးထား သည့် လုပ်ငန်းစီမံချက်အရ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ ပေးအပ်ခဲ့မှုအခြေအနေ၊ အဆိုပါလုပ်ငန်းစီမံချက် သက်တမ်းတိုး ဆောင်ရွက်ရေး ကိစ္စရပ်များ၊ လျောင်ဘေးသင့်ပြည်သူများအတွက် အကူ အညီပေးအပ်ခဲ့မှုများ၊ မြန်မာနိုင်ငံတွင်တာဝန်ထမ်းဆောင် လျက် ရှိသော UNFPA ဝန်ထမ်းများ၏ ဗီဇာ (Visa) နှင့် နေထိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များအတွက် ဝန်ကြီးဌာန အနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးနေမှုများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး ခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် UNFPA ရုံးမှ ကိုယ်စားလှယ် (၁) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း (၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ထူးချွန်ဆု (3rd ASEAN Outstanding Social Welfare and Development Award-AOSWADA) ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်




**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ လျက်ရှိသော (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်း နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12th ASEAN Ministerial Meeting on Social Welfare and Development (AMMSWD) and Related Meetings) အား အာဆီယံနိုင်ငံများနှင့် Video Conference စနစ်ဖြင့် ဩဂုတ်လ ၂၆ ရက်မှ ၂၉ ရက်အထိ နေပြည်တော်၊ M-Gallery Hotel ၌ ကျင်းပလျက်ရှိရာ ၂၇.၈.၂၀၂၅ ရက်တွင် တတိယအကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ထူးချွန်ဆု (3rd ASEAN Outstanding Social Welfare and Development Award-AOSWADA) များအား ချီးမြှင့်ခဲ့ပါသည်။ အဆိုပါ ဆုသည် အာဆီယံနိုင်ငံများရှိ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ အရေးဆောင်ရွက်နေသောအစိုးရမဟုတ်သောအဖွဲ့အစည်း များ နှင့် ပုဂ္ဂလိကကဏ္ဍရှိ အဖွဲ့အစည်းများကို ပေးအပ် ချီးမြှင့်ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများမှ Online ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံမှ အဖွဲ့အစည်းများက လူကိုယ်တိုင်ဖြင့်လည်းကောင်းတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားသို့ အာဆီယံလူမှုဝန်ထမ်း နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းတက်ရောက် ၍ အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာထူးချွန်ဆု ဆုပေးပွဲသည် မိမိတို့၏ လူမှုအသိုက်အဝန်းအတွင်း ထိခိုက်လွယ် အုပ်စုများဖြစ်သော ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ ဘဝ မြှင့်တင်ရန်အတွက် ဆောင်ရွက်နေသော အဖွဲ့ အစည်းများအတွက် ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ယခုနှစ်၏ ဆောင်ပုဒ်ဖြစ်သည့် “အာဆီယံ အသိုက်အဝန်း အတွင်း ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ တိုးတက် အားကောင်း စေရေး” “Enhancing Responsive Social Protection for Vulnerable Groups in the ASEAN Community” သည် ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်သွားရန် မီးမောင်းထိုးပြနေခြင်းဖြစ်ပါကြောင်း၊ အာဆီယံအသိုက်

အဝန်းကိုယ်စား လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက် နေကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆုရရှိသူများ အားလုံးအတွက် ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းနောက် အာဆီယံအဖွဲ့၏ ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ ဦးစံလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး အာဆီယံနိုင်ငံများမှ ဆုရရှိသောအဖွဲ့အစည်းများ၏ အမည်စာရင်းများအား ကြေညာခဲ့ပြီး မြန်မာနိုင်ငံမှဆုရရှိသူများအားပြည်ထောင်စုဝန်ကြီးက ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

(၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများကို အာဆီယံနိုင်ငံ (၈)နိုင်ငံရှိ အဖွဲ့အစည်း (၁၆)ခုအား ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံမှ AGE Myanmar နှင့် Myanmar Creative University - Myanmar Creative International College (MCU-MCI) တို့က လက်ခံရရှိခဲ့ပါသည်။ ဆက်လက်၍ (၂၁)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို အာဆီယံအလှည့်ကျ သဘာပတိ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ကျင်းပခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပြည်ထောင်စုနယ်မြေ၊ တပ်ကုန်းမြို့နယ်အတွင်းရှိ ရေကြီးရေလျှံဖြစ်ပွားသောနေရာများသို့ ကွင်းဆင်းထောက်ပံ့



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးဇေယျာလင်း နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ်လ ၂၇ ရက်နေ့တွင် မိုးရွာသွန်းမှုများပြား၍ ရေကြီး ရေလျှံမှုဖြစ်ပွားသော ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် အတွင်းရှိ မကျည်းပင် ကျေးရွာသို့ ကွင်းဆင်း၍ ရေကြီး ရေလျှံဖြစ်ပွားမှုအခြေအနေကို ကြည့်ရှုပြီး ရေဘေးသင့် ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေနှင့် သောက်သုံး ရေသန့်၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့ကာတွေ့ဆုံ အားပေးစကားပြောကြား ခဲ့ပါသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ်၊မကျည်းပင် ကျေးရွာ၊ အနော်ရထာရပ်ကွက်၊ နဝင်းချောင်းတံတားနှင့် ကင်းသာတံတား ရေစီးဆင်းမှု အခြေအနေများအား လိုက်လံကြည့်ရှုခဲ့ပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည်စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ နဝရတ်ခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့်စိုက်ပျိုးရေးမွေးမြူရေး၊ ဆည်မြောင်း ကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး

ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာန ၂ ခုမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် သဘာဝဘေးဖြစ်ပွားမှုများသည် ကမ္ဘာနှင့်အဝှမ်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဖြစ်ပွားလာပြီး ဖျက်ဆီးမှုအင်အားများလည်း ပိုမိုပြင်းထန်လာ နေပါကြောင်း၊ အဆိုပါသဘာဝဘေးများ၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံ အတွက် အဓိကအရေးပါသော ကဏ္ဍကြီးတစ်ခုဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်း ကဏ္ဍတွင်လည်း ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့ရလေ့ရှိပါကြောင်း၊ ဘေးအန္တရာယ်များကြောင့် ထိခိုက် ဆုံးရှုံးနိုင်ခြေလျှော့ချရေး အစီအမံများကို ပိုမိုဂရုပြုထည့်သွင်းဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံအားလုံးက အရှိန်အဟုန်မြင့်တင်ဆောင်ရွက်နေကြသည်ဖြစ်ရာ မိမိတို့ နိုင်ငံတွင်လည်း အလားတူလိုက်ပါ ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ရန်ရှိသည်များကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့ ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တောင်သူများအပါအဝင် ပြည်သူလူထုအား အသိပညာပေးရန် ကိစ္စရပ်များ၊ စိုက်ပျိုးရေရရှိရေးကိစ္စရပ်များ လွန်စွာအရေးပါပါကြောင်း၊ ရာသီအလိုက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးများကို ကြိုတင်တွေးဆပြီး ရွှားသွန်းသည့် မိုးရေများကို အကျိုးရှိစွာထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပုံမှန်ရှေးရိုးနည်းလမ်းများထက် သုတေသနများ ပြုလုပ်ပြီး ပြောင်းလဲဖြစ်ပေါ် နေသောရာသီဥတုအခြေအနေနှင့်ကြုံတွေ့ရနိုင်သည့်သဘာဝဘေးအန္တရာယ်များကို တွက်ဆကာ ခေတ်စနစ်နှင့်အညီ နည်းပညာမြင့်မားသော စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖြစ်ထွန်းရေး ဆောင်ရွက်သွား ကြရန်တို့ကို တိုက်တွန်းပြောကြား ပါသည်။

ငင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ကူးတို့ဆိပ်အုပ်စု၊ ကြို့တန်း၊ အင်းသာကျေးရွာ၊ သာယာစုကျေးရွာတို့တွင် ပေါင်းလောင်းမြစ်ရေမြင့် တက်လာမှုကြောင့် ရွှေတောင်တန်းတောရ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းသို့ ပြည်သူများရွှေ့ပြောင်းနေထိုင်ရန် ပြင်ဆင်နေမှုအခြေအနေများ၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်နေမှု အခြေအနေများနှင့် အဆိုပါ နှစ်စဉ်မြစ်ရေ ဝင်ရောက်လေ့ရှိသော ကျေးရွာများ၏ ဘေးလွတ်ရာသို့ ရွှေ့ပြောင်း ဆောင်ရွက်နေမှုများကို လိုက်လံ ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက် ပေးခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနလုပ်ငန်းရပ်များအား ကြည့်ရှုစစ်ဆေး**



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်** **ရန်ကုန်တိုင်း**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်လ ၂၃ ရက် နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ရောက်ရှိရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်လှဲ့လှဲ့အေးက ဦးစီးဌာန၏ လုပ်ငန်းသဘော သဘာဝများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက တိုင်းရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ ဗဟိုသိုလှောင်ရုံ (ရန်ကုန်) ကို လှည့်လည်ကြည့်ရှုပြီး ဘေးဒုက္ခခံစားသူများအား ထောက်ပံ့မည့်ပစ္စည်းများဖြစ်သဖြင့် သိုလှောင်ရုံ လက်စွဲနှင့်အညီ စနစ်တကျထိန်းသိမ်းထုတ်ပေးနိုင်ရေး အသင့်ပြင်ထားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ သွားရောက်ကာ မျက်မမြင်ကျောင်းသား/ သူများအား စာပေသင်ကြားနေမှု၊ မျက်မမြင်ပုံနှိပ်စာအုပ် ထုတ်လုပ်နေမှု၊ Audio Book အတွက် အသံဖမ်းခန်းနှင့် သက်မွေးပညာသင် ခန်းများဖြစ်သည့် ကြိမ်ထိုးလုပ်ငန်း၊ အနှိပ်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

ထို့နောက် အမျိုးသမီးကလေးများသင်တန်းကျောင်း (ရန်ကုန်) သို့ သွားရောက်ရာ ကျောင်းအုပ်မှ ကျောင်းသူများအား စောင့်ရှောက်နေမှု၊ အတန်းပညာသင်ကြားပေးမှုနှင့် သက်မွေး ပညာသင်ကြားပေးမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ကျောင်းဆောင်များကို လှည့်လည် ကြည့်ရှုကာ ကျောင်းဆောင်များအတွက် ပြုပြင်သင့်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး စခန်း (ရန်ကုန်) သို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ကြီးဌာန၏ လုပ်ငန်းများအပေါ် ရှင်းလင်းပြောကြားခဲ့ပါသည်။ ၎င်းနောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသိဏ်းနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်) နှင့် လူကုန်ကူးခံရသူများအား ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာမှ တာဝန်ခံများက လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ဒုတိယဝန်ကြီးက ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်) ကို လှည့်လည်ကြည့်ရှုခဲ့ပြီး သင်တန်းသားများအား တွေ့ဆုံကာ အားပေးစကားများ ပြောကြားခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်**




၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် နေပြည်တော်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူး/ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Mr. Michael Dunford အား ဩဂုတ်လ ၁၅ ရက် နေ့တွင် အဆိုပါဝန်ကြီးဌာန၊ ညှိနှိုင်းရေးမှူး လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ညှိနှိုင်းပေးမှုဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများက မန္တလေးငလျင်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ငလျင်ဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် လူသားချင်းစာနာမှုအကူအညီ ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ အကြား ညှိနှိုင်းဆောင်ရွက်သွားရေး၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် UNRC ရုံးမှ ကိုယ်စားလှယ်များပါဝင် တက်ရောက်ခဲ့ကြပါသည်။

## VIRTUAL BRIEFING ON THE DEVELOPMENT OF THE ASEAN COMMITTEE ON WOMEN (ACW) WORK PLAN (2026-2030) ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကျင်းပ




ASEAN COMMITTEE ON WOMEN (ACW) မှ ကြီးမှူးကျင်းပသည့် VIRTUAL BRIEFING ON THE DEVELOPMENT OF THE ASEAN COMMITTEE ON WOMEN (ACW) WORK PLAN (2026-2030) ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့တွင် virtual စနစ်ဖြင့် ပြုလုပ်ခဲ့ပြီး ACW Chair ဖြစ်သည့် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာစန်းစန်းအေး ဦးဆောင်၍ ACW Focal Points များနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေး၌ ACW Chair (Myanmar) က အဖွင့်အမှာစကား ပြောကြားရာတွင် ACW အနေဖြင့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးအတွက် အာဆီယံ မူဘောင်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ACW Work Plan 2021–2025 မှာ ပြီးဆုံး တော့မည်ဖြစ်သည့်အတွက် ယခု အစည်းအဝေးမှာ ACW Work Plan 2021–2025 အကောင်အထည် ဖော်မှုနှင့်စပ်လျဉ်း၍ အတွေ့အကြုံများကို ပြန်လည်မျှဝေပြီး ACW Work Plan 2026–2030 တွင် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အစည်းအဝေးတွင် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ က ACW Work Plan နှင့်စပ်လျဉ်း၍ ဦးဆောင် ဆွေးနွေးခဲ့ပြီး အာဆီယံနိုင်ငံများမှ ACW Focal Points များကလည်း မိမိတို့၏ အတွေ့အကြုံများ၊ အမြင်များကို ဆွေးနွေးဖလှယ်ခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ဧယျာဝတီတိုင်းဒေသကြီး ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဧယျာဝတီတိုင်းဒေသကြီး ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု၊ တိုင်ကြားမှုယန္တရားများ၊ ကျား/ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ဧယျာဝတီတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧယျာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့များ တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာအေးက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု၊ တိုင်ကြားမှုယန္တရားများ၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အကြောင်းအရာများအား အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာသော ကော်မတီဝင်များမှ သက်ဆိုင်ရာ ကဏ္ဍများ အလိုက် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားပေးကာ ဧယျာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်လွင်လွင်ကျော်က နိဂုံးချုပ်စကားပြောကြားခဲ့ပါသည်။

## ပြည်သူလူထုသို့ တိုက်ရိုက်ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ အသိပညာပေးသင်တန်းကျင်းပ

ပြည်သူလူထုသို့ တိုက်ရိုက်ဝန်ဆောင်မှုပေးခြင်းဆိုင်ရာအသိပညာပေးသင်တန်းကိုမကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ သမဝါယမစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းခန်းမ၌ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်သူဇာ၊ သင်တန်းကျောင်းရှိ ကျောင်းအုပ်ကြီး၊ ဆရာ/ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား/ သူများအား ပြည်သူလူထုသို့ တိုက်ရိုက်ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပြီး သင်တန်းသို့ စုစုပေါင်းသင်တန်းသား ဦးရေ (၁၂၁)ဦး တက်ရောက်ခဲ့ပါသည်။



## မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ကြီးမှူး၍ ကလေးသူငယ် အသိပညာပေးဟောပြောပွဲများ ကျင်းပ



မွန်ပြည်နယ် လူမှုဝန်ထမ်းရုံးမှ ဦးဆောင်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ် အတွင်း မြို့နယ်အဆင့် ကလေးသူငယ်အသိပညာပေး ဟောပြောပွဲကို ဩဂုတ်လ ၁၈ ရက်နေ့တွင် မော်လမြိုင်မြို့၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာမ

(၁၇) ဦး၊ ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၂၅၁) ဦး ဖြင့်လည်းကောင်း၊ ပြည်နယ်အဆင့် ကလေးသူငယ် အသိပညာပေး ဟောပြောပွဲကို ဩဂုတ်လ ၁၉ ရက်နေ့ တွင် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၊ ပွင့်ဦး မာလာခန်းမ၌ ဆရာ/ဆရာမ (၁၁) ဦး၊ ကျောင်းသား/ကျောင်းသူ စုစုပေါင်း (၂၈၉) ဦးဖြင့် လည်းကောင်း ကျင်းပဆောင်ရွက်ခဲ့ပါသည်။

## ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ ကလေးများအား အသိပညာပေးဟောပြောပွဲကျင်းပ (မြိတ်မြို့)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၌ ကလေး သူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ ကလေးများအား အသိပညာပေးဟောပြောပွဲကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် အထက(၂) ကျောင်းခန်းမ၌ ကျင်းပ ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲတွင် လူမှုဝန်ထမ်း ဦးစီးဌာန၊ မြိတ်ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ကြည်အေးနှင့် ဦးစီးအရာရှိ ဒေါ်သီသီအေးတို့မှ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ဥပဒေပါ ကလေးသူငယ်အခွင့်အရေးများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ အကြောင်း၊ ကျား/မ အခြေပြု အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အကြောင်းအရာများကို အသိပညာပေးဟောပြော ခဲ့ပါသည်။



## တနင်္သာရီတိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီအစည်းအဝေး ကျင်းပ



တနင်္သာရီတိုင်းဒေသကြီး သက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်တွင် ထားဝယ်မြို့၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ကျင်းပဆောင်ရွက် ခဲ့ပါသည်။ အစည်းအဝေးတွင် တိုင်းဒေသကြီး သက်ကြီး ရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က သက်ကြီးရွယ်အိုများ အားလုံး ဂုဏ်သိက္ခာရှိရှိနှင့် ကျန်းမာပြီးလုံခြုံစိတ်ချရ သည့် ဘဝမျိုးဖြင့် လျှောက်လှမ်းနိုင်ရေး တက်ကြွ၍ ကျန်းမာသော သက်ကြီးရွယ်အိုဘဝဖြစ်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဦးတည်ကြိုးပမ်း ဆောင်ရွက် ပေးလျက်ရှိရာ ထားဝယ်ဘိုးဘွားရိပ်သာ ရေရှည်တည်တံ့ ခိုင်မာအားကောင်းစေရန် အတွက် သက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ထားဝယ်ဘိုးဘွားရိပ်သာ ကြီးကြပ်မှု ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေး ပေးကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တိုင်းဒေသကြီး သက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး လူမှု ဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက တိုင်းဒေသကြီး အတွင်း ဘိုးဘွားရိပ်သာတည်ထောင် ခွင့်ပြုမိန့်ပေးခြင်း နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ထားဝယ်ဘိုးဘွားရိပ်သာနှင့် စပ်လျဉ်း၍ ဆောင်ရွက် ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး ကော်မတီဝင်များက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးကာ တိုင်းဒေသကြီး သက်ကြီး ရွယ်အို များဆိုင်ရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား အရည်အသွေးမြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနား

စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား အရည်အသွေးမြှင့်တင်ရေးသင်တန်းကို ပဲခူးမြို့၊ အမှတ်(၁) မူလတန်းကြိုကျောင်း၌ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ကျင်းပရာ ပဲခူးမြို့နှင့် အနီးတဝိုက်ရှိ ဘိုးဘွားရိပ်သာ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ စေတနာမူလတန်းညကျောင်း၊ ကိုယ့်အား ကိုယ်ကိုးမူလတန်းကြိုကျောင်း၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းနှင့် အစိုးရမူလတန်းကြိုကျောင်း များမှ သင်တန်းသား၊ သင်တန်းသူ (၅၀)ဦး တက်ရောက်ခဲ့ပါသည်။



သင်တန်းတွင် လူမှုဝန်ထမ်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသောလုပ်ငန်းများနှင့် ဝန်ဆောင်မှုပေးနေသော လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဩဂုတ်လအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း



မိုင်းဖြတ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၆-၈-၂၀၂၅) ရက်နေ့တွင် ရှမ်းပြည်နယ်၊ မိုင်းဖြတ်မြို့နယ်၊ အထက (မိုင်းဖြတ်) ကျောင်း၌လည်းကောင်း၊ (၇-၈-၂၀၂၅) ရက်နေ့တွင် အလက (ပါဆန်း) ကျောင်း၌လည်းကောင်း သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောခြင်း၊ နံရံကပ် ပိုစတာများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ပင်လောင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၇-၈-၂၀၂၅) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ အမက (ပင်လောင်းကြီး) ကျောင်း၌လည်းကောင်း၊ ကျိုင်းတုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၇-၈-၂၀၂၅) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ပညာရေးဒီဂရီကောလိပ်ကျောင်း၌လည်းကောင်း၊ (၂၂-၈-၂၀၂၅) ရက်နေ့တွင် အထက (၂) ကျောင်း၌ ကျောင်းသား/ သူ စုစုပေါင်း (၁၂၀) ဦးတို့အား လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်း၊ နံရံကပ်ပိုစတာများနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မိုင်းဆတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၁-၈-၂၀၂၅) ရက်နေ့တွင် ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နယ်၊ အလက (ကာနရွာ) ကျောင်း၌လည်းကောင်း၊ (၂၃-၈-၂၀၂၅) ရက်နေ့တွင် အလက(ခွဲ)-မယ်နင်ကျောင်း၌လည်းကောင်းသဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး

ဟောပြောခြင်း၊ နံရံကပ်ပိုစတာများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၁-၈-၂၀၂၅) ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အထက (၁၀) ကျောင်း၌လည်းကောင်း၊ မိုင်းပျဉ်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၁-၈-၂၀၂၅) ရက်နေ့တွင် ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၊ အမက ကျောင်း၌လည်းကောင်း ၊ ပင်းတယမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၃-၈-၂၀၂၅) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စု၊ အင်းငယ် ကျေးရွာ၌လည်းကောင်း၊ အထက (၆) ဝါးပြားကျောင်း၌လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်း၊နံရံကပ်ပိုစတာများနှင့်လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မြို့သစ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၇-၈-၂၀၂၅) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အထက (၁) သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၄-၈-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊သူနာပြုသင်တန်းကျောင်း၌လည်းကောင်း၊ ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည်(၄-၈-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ကုန်လမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန၌ လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၇-၈-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်း ဒေသကြီး၊ လပွတ္တာမြို့နယ်၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းနှင့် လူငယ့်အားမာန် သင်တန်းကျောင်းတို့၌လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၇-၈-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ရေလိမ်ကျေးရွာအုပ်စု၊ ရေလိမ်ကျေးရွာ၌လည်းကောင်း၊ ဘိုကလေးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၀-၈-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်း ဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မုန်တိုင်းဘေးအန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ ဗွီနိုင်းပိုစတာ၊ နံရံကပ်ပိုစတာများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့အားလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။



လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၁-၈-၂၀၂၅) ရက်နေ့နှင့် (၂၂-၈-၂၀၂၅) ရက်နေ့တို့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ **(၃)** မိုင်မြို့၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်း ကျောင်းခန်းမနှင့် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ခန်းမ တို့၌ မိုးကြိုးဘေးအန္တရာယ်၊ လျှပ်စစ်ဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင် များဖြန့်ဝေခြင်းတို့အားဆောင်ရွက်ခဲ့ပါသည်။

မော်လမြိုင်ကျွန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၂-၈-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်း ဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ အားကစားခန်းမ၌ လည်းကောင်း၊ (၃၀-၈-၂၀၂၅) ရက်နေ့တွင် မော်လမြိုင် ကျွန်းမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အောင်သုခ (မြို့)၌လည်းကောင်း သဘာဝဘေး အန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြော ခြင်း၊ ဗွီနိုင်းပိုစတာ၊ နံရံကပ်ပိုစတာများနှင့် လက်ကမ်း စာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဩဂုတ်လအတွင်း Talk Show ပြုလုပ်ခြင်း

ဘိုကလေးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည်(၁၂-၈-၂၀၂၅) ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခန်းမ၌ မုန်တိုင်းဘေး အန္တရာယ်နှင့်ပတ်သက်၍ မုန်တိုင်းဖြစ်ပွားနိုင်သည့် အချိန်ကာလများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အချက်များ၊ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက် ခဲ့ပါသည်။




## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဩဂုတ်လအတွင်း မီးဘေးထောက်ပံ့မှု




နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည်ပြည်ထောင်စုနယ်မြေနေပြည်တော်၊လယ်ဝေးမြို့နယ်၊ ကံသာအုပ်စု၊ အောင်မြင်ကုန်းကျေးရွာ၌(၆-၇-၂၀၂၅)ရက် နေ့တွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့် လူဦးရေအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့်သေဆုံးသူ အတွက် သေဆုံးထောက်ပံ့ငွေ တို့ကို (၁၁-၈-၂၀၂၅) ရက် နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ အထက်ပိုင်းရပ်ကွက်၌ (၁၅-၈-၂၀၂၅) ရက်နေ့တွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုး တို့ကို (၁၅-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရှမ်းပြည်နယ်၊တာချီလိတ်ခရိုင်၊တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း (ခ) အုပ်စု၊ ပါကောင်ကျေးရွာ၌ (၃၀-၇-၂၀၂၅) ရက်နေ့တွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၅) မျိုး တို့ကို (၅-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ရှမ်းပြည်နယ်၊တာချီလိတ်ခရိုင်၊တာချီလိတ်မြို့နယ်၊ ဝမ်ကောင်းရပ်ကွက်၊ အားခေကျေးရွာ၌ (၄-၈-၂၀၂၅) ရက်နေ့တွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၈-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဩဂုတ်လအတွင်း ရေဘေးထောက်ပံ့မှု



သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဒူးရင်းဆိပ် ကျေးရွာအုပ်စု၊ ဒူးရင်းဆိပ်ကျေးရွာ၌ (၂၇-၇-၂၀၂၅) ရက်နေ့တွင် ရေဘေး ဖြစ်ပွားခဲ့မှုကြောင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကို (၇-၈-၂၀၂၅) ရက်နေ့တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။



ပင်းတယမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၌ (၃၁-၇-၂၀၂၅) ရက်နေ့တွင် မိုးသည်း ထန်စွာရွာသွန်း၍ ရေဘေးဖြစ်ပွားခဲ့မှုကြောင့်လုံးဝပျက်စီး လူနေအိမ်များနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်များ အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ဘေးသင့်

များအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးတို့ကို (၆-၈-၂၀၂၅) ရက်နေ့တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။



ပင်းတယမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၌ (၃၁-၇-၂၀၂၅) ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်း၍ လုံးဝပျက်စီးလူနေအိမ်များ အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့် များအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးတို့ကို (၁၃-၈-၂၀၂၅) ရက်နေ့တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။




ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာအုပ်စု၊ သရက်ပင်ကျေးရွာ၌ (၁၃-၈-၂၀၂၅) ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေဘေးဖြစ်ပွားခဲ့မှုကြောင့် သေဆုံးသူများအတွက် သေဆုံး ထောက်ပံ့ငွေကို (၁၈-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး (စကု) မြို့နယ်၊ မန်းကျိုးကျေးရွာအုပ်စု၊ ထုံးမကြီးကျေးရွာ၌ (၂၀-၈-၂၀၂၅) ရက်နေ့တွင် ရေဘေးဖြစ်ပွားခဲ့မှုကြောင့် ရေဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ ကို (၂၁-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဩဂုတ်လအတွင်း မြေပြိုဘေးထောက်ပံ့မှု



မိုင်းပျဉ်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်း မြို့နယ်၊ တုံတာမြို့၌ (၈-၈-၂၀၂၅) ရက်နေ့တွင် မိုးအဆက်မပြတ် ရွာသွန်း၍ မြေပြိုကျမှု ကြောင့် လုံးဝပျက်စီးလူနေအိမ် များအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ဘေးသင့် သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၁-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဩဂုတ်လအတွင်း လျှင်ဘေးထောက်ပံ့မှု

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၊ မဟာ အောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၌ (၂၈-၃-၂၀၂၅) ရက်နေ့တွင် ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးလူနေအိမ်များနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်များအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ဘေးသင့်သူများအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၇-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ (၂၈-၃-၂၀၂၅) ရက်နေ့တွင် ငလျင်လှုပ်ခတ်မှုကြောင့် လုံးဝပျက်စီး ဘာသာရေးကျောင်းများနှင့် တစ်စိတ်တစ်ပိုင်းပျက်စီး ဘာသာရေးကျောင်းတို့အတွက် ကျောင်းဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေတို့ကို (၁၃-၈-၂၀၂၅) ရက်နေ့တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဩဂုတ်လအတွင်း ကမ်းပြိုဘေးထောက်ပံ့မှု



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည်ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊လယ်ဝေးမြို့နယ်၊ ရှမ်းစုအုပ်စု၊ ညောင်ပင်သာကျေးရွာ၌ (၂၉-၇-၂၀၂၅) ရက်နေ့နှင့် (၁-၈-၂၀၂၅) ရက်နေ့တို့တွင် ကမ်းပြိုဘေးဖြစ်ပွားခဲ့မှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေတို့ကို (၅-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေး မြို့နယ်၊ ကူသပိတ်အုပ်စု၊ ကြက်သွန်ခင်းကျေးရွာတို့၌ (၁၃-၈-၂၀၂၅) ရက်နေ့တွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်ဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၁၈-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်း မြို့နယ်၊ မြမ္မာပြာသာအုပ်စု၊ ရွာသာကြီးကျေးရွာ၌ (၄-၈-၂၀၂၅) ရက်နေ့၊ (၆-၈-၂၀၂၅) ရက်နေ့နှင့် (၁၄-၈-၂၀၂၅) ရက်နေ့တို့တွင်ကမ်းပြိုဘေးကြောင့်ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်ဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေတို့ကို (၅-၈-၂၀၂၅) ရက်နေ့၊ (၇-၈-၂၀၂၅) ရက်နေ့ နှင့် (၁၅-၈-၂၀၂၅) ရက်နေ့တို့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



အင်္ဂပူမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ စစ်ကုန်းကျေးရွာအုပ်စု၊ရွှေသောင်ကျေးရွာ၌ (၅-၈-၂၀၂၅) ရက်နေ့နှင့် (၇-၈-၂၀၂၅) ရက်နေ့တို့တွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ဘေးသင့်သူများအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို(၈-၈-၂၀၂၅) ရက်နေ့တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။



ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင်၊ဟင်္သာတမြို့နယ်၊ အင်္ဂရမ်းအုပ်စု၊ အုတ်သျှစ်ကုန်း ကျေးရွာ၌ (၉-၈-၂၀၂၅) ရက်နေ့တွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေတို့ကို (၁၁-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်ပန်းတနော်မြို့နယ်၊ တောကျောင်းအုပ်စု၊ နံ့ဂါတ်နှင့် ပေါက်ချောင်းကျေးရွာတို့၌ (၁၅-၈-၂၀၂၅) ရက်နေ့တွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များ အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို(၁၈-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းအုပ်စု၊ မာယူချောင်းဖျားရွာ၌ (၁၆-၈-၂၀၂၅) ရက်နေ့တွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ၊ဘေးသင့်သူများအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၁၈-၈-၂၀၂၅) ရက်နေ့တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။



မြန်အောင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ နောက်မီးကျေးရွာအုပ်စု၊ မကျီးစုကျေးရွာ၌ (၁၈-၈-၂၀၂၅) ရက်နေ့တွင် ကမ်းပြိုဘေးကြောင့်ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၂၂-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ မြမ္မာပြာသာအုပ်စု၊ ရွာသာကြီးကျေးရွာ၌ (၂၀-၈-၂၀၂၅) ရက်နေ့တွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ဘေးသင့်သူများအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၂၁-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



မြန်အောင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ သက္ကယ်တန်းကျေးရွာအုပ်စု၊ ရွှေဝါထွန်းကျေးရွာ၌ (၂၁-၈-၂၀၂၅) ရက်နေ့တွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေတို့ကို (၂၁-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဩဂုတ်လအတွင်း အခြားဘေးထောက်ပံ့မှု

မြိတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ တာရပိုင်းအုပ်စု၊ ရင်ကန်းကျွန်းနှင့် လအဲကျွန်းကြားရေပြင်၌ (၂၀-၇-၂၀၂၅) ရက်နေ့တွင် စက်လှေနစ်မြုပ်မှုကြောင့် သေဆုံးသူများအတွက် သေဆုံးထောက်ပံ့ငွေကို (၂၁-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဩဂုတ်လအတွင်း ထူးခြားဘေးထောက်ပံ့မှု



ကယားပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ထေးသမရပ်ကွက်၌ (၉-၇-၂၀၂၅) ရက်နေ့တွင် မိုင်းနင်းမှုကြောင့် ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေကို (၈-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ် အတွင်းရှိ ကျေးရွာများ၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ဘေးသင့်သူများအတွက် ထောက်ပံ့ငွေကို (၁၃-၈-၂၀၂၅) ရက်နေ့တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။



မြောင်းမြမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြ မြို့နယ်အတွင်း၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ဘေးသင့်သူများ အတွက် ထောက်ပံ့ငွေကို (၁၆-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



မြောင်းမြမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်အတွင်း၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ဘေးသင့်သူများ အတွက် ထောက်ပံ့ငွေကို (၁၅-၈-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရခိုင်ပြည်နယ်၊ ပလက်ဝဒေသ၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် မကွေးမြို့နယ်အတွင်း တိမ်းရှောင်ရောက်ရှိလာသည့်အိမ်ထောင်စုများအတွက်ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးကို (၂၁-၈-၂၀၂၅)ရက်နေ့တွင်သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## (၃၂)ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုအစည်းအဝေးကျင်းပ




ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ (၃၂)ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံ ခန့်ခွဲမှုအစည်းအဝေး (32nd Case Management Meeting on the Return and

Reintegration of Victims of Trafficking) အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်နှင့် (၁၅)ရက်တို့တွင် ဗန်ကောက်မြို့၊ The Berkeley Pratunam Hotel ၌ ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ မြန်မာ-ထိုင်းနှစ်နိုင်ငံ ဖြစ်ရပ်စီမံခန့်ခွဲမှု အစည်းအဝေးသို့ ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုး တိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနမှဒုတိယအမြဲတမ်းအတွင်းဝန်၊ Mrs Jatuporn Rojanaparnich ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင် (၅၅)ဦးနှင့် မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်း ဦးဆောင်သည့်သက်ဆိုင်ရာဌာနများမှပါဝင်သောမြန်မာကိုယ်စားလှယ် အဖွဲ့ဝင် (၁၂)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံ ရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် Mrs Jatuporn Rojanaparnich နှင့် မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းတို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး နှစ်နိုင်ငံ Case Management Meeting များကို စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ခဲ့ရာတွင် ယခု (၃၂) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသို့ နည်းလမ်းအမျိုးမျိုးဖြင့် လာရောက်အလုပ်လုပ်ကိုင်ပြီး လူကုန်ကူးခြင်းခံရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ခြင်း၊ အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးရုံသာမကအထူးသဖြင့်မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍ၊ ၎င်းတို့၏ ရပိုင်ခွင့်၊ အခွင့်အရေးများ၊ လျော်ကြေးငွေများအား ဥပဒေနှင့်အညီ အပြည့်အဝရရှိနိုင်စေရေး ဆောင်ရွက်ပေးနေမှုများအပေါ် သိသာထင်ရှားသည့် ရလဒ်ကောင်းများရရှိခဲ့ပါကြောင်း၊ခေတ်နှင့်အညီပြောင်းလဲ ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams)နှင့် လောင်းကစားမှု (Online Gambling) များတွင် အတင်းအကြပ်ခိုင်းစေခံခဲ့ရသည့် လူကုန်ကူးမှုပုံစံသစ်များဖြစ်ပေါ်နေပြီး လုပ်အားခေါင်းပုံဖြတ်ခြင်း ခံနေမှုများကိုလည်း သိရှိကြပြီးဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုဖြင့် နောင်အနာဂတ်တွင် ဖြစ်ပေါ်လာမည့် လူကုန်ကူးမှုပုံစံအမျိုးမျိုးကို တားဆီးတိုက်ဖျက်ရေး အထူးသဖြင့် လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားခဲ့ပါသည်။




ထို့နောက် အစည်းအဝေးတွင် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပြီးသည့် ကတန်ငါးဖမ်းလှေအမှုမှ လူကုန်ကူးခံရသူ(၇)ဦးနှင့် ကွယ်လွန်သွားသည့် လူကုန်ကူးခံရသူ (၂)ဦး၏ အမွေ ဆက်ခံခွင့်ရှိသူ(၂)ဦးတို့အတွက် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်ကြီးဌာနမှ ပေးအပ်သည့် လျော်ကြေးငွေများကိုလွှဲပြောင်းလက်ခံခဲ့ပြီးကာယကံရှင်များထံသို့အမြန်ဆုံး ဆက်လက်လွှဲပြောင်းပေးသွားမည် ဖြစ်ပါကြောင်း၊ ယင်းနောက်(၃၂)ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန် ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု အစည်းအဝေးအား နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များမှ ဦးဆောင်၍ အစည်းအဝေး ဆက်လက်ကျင်းပဆောင်ရွက်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၁၂)ချက်ကို အတည်ပြုချမှတ်နိုင်ခဲ့ ပါသည်။

ဆက်လက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား အတည်ပြုရေးဆွဲထားရှိသည့် "ဖြစ်ရပ်စီမံ ခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်/ ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံစံလုပ်ငန်း အစီအစဉ်" စာအုပ်အား ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးတွင် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များမှ လိုအပ်သည့်ပြန်လည်ပြင်ဆင်ချက်များ၊ အကြံပြုချက်များ၊ ထပ်မံဖြည့်စွက်လိုသည်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ပြန်လည်ပြင်ဆင်ဖြည့်စွက်လိုသည့် အချက် (၈)ချက်(မူကြမ်း)အား ဆက်လက်ဆောင်ရွက်ရန် သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၏ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း (ရန်ကုန်) ၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်း တက်ရောက် အဖွင့်အမှာစကား ပြောကြားရာတွင် မျက်မှောက်ကာလတွင် ဓာတုဆေးဝါးနှင့် နည်းပညာများပေါင်းစပ်မှုဖြင့် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများကို လူငယ်များအနေဖြင့် အလွယ်တကူ ဝယ်ယူအသုံးပြုလို့ရနေသည်ကို တွေ့ရှိရပါကြောင်း၊ ဆေးသုံးစွဲထားမှုအား မြင်ရုံနှင့် သိရှိရန်ခက်ခဲလာပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မူးယစ်ဆေးသုံးစွဲမိသူများအနေဖြင့် မူယစ်ဆေးဖြတ်ရန် ခိုင်မာသည့် ခံယူချက် ရှိရမည်ဖြစ်ကြောင်း၊ မူလပတ်ဝန်းကျင်ကို ပြန်ရောက်ပါက ပြန်သုံးဖြစ်သည်အားတွေ့ရှိရပါကြောင်း၊ ပြန်လည်ထူထောင်ရေးသင်တန်းမှာ စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းအပြင် ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းပညာများအား စာတွေ့၊ လက်တွေ့အစပျိုးလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ အသက်မွေး ဝမ်းကျောင်းပညာရပ်များ သင်ကြားမှုသည် လုပ်ငန်းသေးသော်လည်း ယခုသင်ကြားမှုမှအစပြု၍ နောင်တွင် လုပ်ငန်းရှင်ကြီးများ ဖြစ်လာနိုင်သည်ဟု မျှော်လင့်ကြိုးစားစေလိုကြောင်း၊ စိတ်လေလွင့်မှုနှင့် အတွေးကိုထိန်းချုပ်နိုင်ရန်ဆောင်ရွက်သည့် အလုပ်ပေးကုထုံးအား သင်တန်းသားများ လက်ခံနားလည် လိုက်နာစေလိုကြောင်း၊ အလုပ်ပေးကုထုံးကြောင့် ချွေးထွက်ပင်ပန်းပြီး အိပ်ပျော်စားဝင်ကာ ပို၍ကျန်းမာလာ မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အလုပ်ပေးကုထုံးနှင့်အားကစားစီစဉ်ပေးထားပါကြောင်း၊မူးယစ်ဆေးဖြတ်ဖို့လွယ်ကူပြီး ပြန်လည်သုံးစွဲလိုသော စိတ်ကိုထိန်းချုပ်ရန်ခက်ခဲသဖြင့် မိမိစိတ်ကို ထိန်းချုပ်ရန်အရေးကြီးကြောင်း၊ နောက်ဆက်တွဲ လူမှုရေး၊ ကျန်းမာရေးဆိုးကျိုးများကို သတိပြုဆင်ခြင်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် အစဉ်ပူးပေါင်းဆောင်ရွက်နေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မူးယစ်ဆေးစွဲသူများ ပြန်လည် ထူထောင်ရေးအသင်း (မြန်မာ)ဗဟို၊ JC Myanmar ၊ ရွှေရောင်သမိုင်း (အရေးပေါ် ကယ်ဆယ်ရေးနှင့်လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအဖွဲ့)၊ ဉာဏရောင်စဉ်လူမှုပြန်လည်ဖွံ့ဖြိုးရေး အသင်းအဖွဲ့များအား ကျေးဇူးတင်ရှိပါကြောင်း၊ မိဘဆွေမျိုး တိုက်တွန်း၍ဖြစ်စေ မိမိကိုယ်တိုင်ခံယူချက်ကြောင့်ဖြစ်စေ ရောက်ရှိနေသည့် သင်တန်းတွင် ပြီးမြောက်အောင်မြင်အောင် တက်ရောက်ကြစေလိုကြောင်း၊ မိမိတို့ ဌာန၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်စေလိုပါကြောင်း၊ နိုင်ငံအတွင်း မူးယစ်ဆေးသုံးစွဲမှုလျော့နည်း ကင်းစင်ရေးအတွက် မိမိအသိုက်အဝန်းတွင်လည်း အသိပညာပေးစည်းရုံးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိရှောင်ကြဉ်နိုင်ရေး၊ ငြင်းပယ်နိုင်ရေး၊ မသုံးစွဲရေးတို့အား ပံ့ပိုးခြင်းတို့အား သင်တန်းသားတို့ ဆက်လက် ဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း မှာကြားခဲ့ပါသည်။



အဆိုပါသင်တန်းအား (၃)လကြာ ဖွင့်လှစ်ဆောင်ရွက် သွားမည်ဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ခြင်း၊ သက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားခြင်း ဘာသာရပ်များအား ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် မြို့နယ်မူးယစ်ဌာနမှ ရဲအရာရှိ၊ မြို့နယ် ဥပဒေအရာရှိ၊ မူးယစ်ဆေးရုံမှ တာဝန်ခံဆရာဝန်ကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုဌာနများမှ တာဝန်ရှိသူများက ပို့ချသွားမည်ဖြစ်ကာ တိုင်းအစိုးရကပံ့ပိုးပေးခြင်း၊ စိတ်ကျန်းမာရေးဆေးရုံက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်တို့ မေတ္တာစိမ့်စမ်း မူလတန်းကြိုကျောင်းဖွင့်ပွဲနှင့် ရှမ်းပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားများသို့ တက်ရောက်**



**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်** **ရှမ်းပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ တာဝန်ရှိသူများနှင့်အတူ ဩဂုတ်လ ၁၄ ရက်နေ့တွင် တောင်ကြီးမြို့၊ အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင် ဦးရဲခေါင်ညွန့်၊ ဒေါ်သီတာကြည် မိသားစုက ဆောက်လုပ်လှူဒါန်းသော တောင်ကြီးမြို့၊ ဟမ်းပလို့ကျေးရွာရှိ မေတ္တာစိမ့်စမ်း မူလတန်းကြိုကျောင်းဆောင်သစ် လွှဲပြောင်း ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် အလှူရှင်တို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းဆောင်အလှူရှင် ဦးရဲခေါင်ညွန့်နှင့် ကျောင်းအဝင်လမ်း အလှူရှင်ဦးစိုးညွန့်တို့သို့ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ

ကျောင်းဆောင်နှင့် ကျောင်းပတ်ဝန်းကျင်တို့အား ကြည့်ရှု၍ လိုအပ်သည်များမှာကြားကာ စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးခဲ့ပါသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင် အောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမတွင် ကျင်းပသည့် ရှမ်းပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ရေကြီးရေလျှံဘေး၊ လျောင်ဘေးအစရှိသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဘေးဒုက္ခကြုံတွေ့ရသည့် ပြည်သူများအား ထောက်ပံ့ပေးလျှက်ရှိသကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပဋိပက္ခဖြစ်စဉ်များကြောင့် ဘေးလွတ်ရာသို့ နေရပ်စွန့်ခွာတိမ်းရှောင်နေရသူများကိုလည်း လတ်တလော စားဝတ်နေရေး အထောက်အကူ ဖြစ်စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ခွင့်ပြုရံပုံငွေ အပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှလည်း ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ရှမ်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူ ၈၉၀၀၀ ကျော်အတွက် ထောက်ပံ့သည့် ငွေကျပ် သန်းပေါင်း ၅၃၀၀ ကျော်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးမှုဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်၏ ထောက်ပံ့ပေးမှုများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် မှန်ကန်မြန်ဆန်စွာရောက်ရှိရေး၊ ကိန်းဂဏန်းအချက်အလက် အထောက်အထားများဖြင့် စနစ်တကျပြုစု ထောက်ပံ့ရေးဆိုင်ရာများကို ပြောကြားပြီးနောက် ပြည်ထောင်စု ဝန်ကြီးက ၂၀၂၅ ခုနှစ် ဧပြီလမှ ဇွန်လအထိ (၃) လစာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေ ကျပ်သန်းပေါင်း ၅၃၉၄.၂၄၀သန်းကိုပြည်နယ်ဝန်ကြီးချုပ်ထံသို့ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၊ ပင်းတယမြို့နယ်နှင့် ပင်လောင်းမြို့နယ်အတွင်းရှိ ရေးဘေးသင့် ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် အသက်(၂)နှစ်အောက်ကလေး (၁၆) ဦး၊ ကိုယ်ဝန်ဆောင်မိခင် (၅) ဦး၊ အသက် (၇၅) နှစ်အထက် သက်ကြီး (၁၀) ဦးနှင့် မသန်စွမ်းသူ (၁၁) ဦး ၊ စုစုပေါင်း (၄၂) ဦးတို့အတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ -နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁,၂၆၀,၀၀၀ ကို ပြည်နယ်လူမှုရေးဝန်ကြီးထံသို့လည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ပါသည်။ရှမ်းပြည်နယ်အတွင်းသို့ ရောက်ရှိခိုလှုံနေသော တိုက်ပွဲရှောင်ပြည်သူများသို့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ထားရှိမှုမှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ငွေကျပ်သန်းပေါင်း ၁၁၃၂၂.၅၄ သန်း ရှိပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။

